
ရှုန်းရမိမိုး
မူပိုင်နှလုံးသား
L လင်း

ပတ်ဝန်းကျင်တစ်ခုလုံး လကထိန်ထိန်သာနေသည်။

ဒါပေမဲ့ ခြံထောင့်က ခရေပင်ကြီးအောက်မှာတော့ ခရေပင်အရွက်အလက် ဖားဖားဝေနေတာမို့ အလင်းရောင်မဖောက်နိုင်စွာပဲ မှောင်မည်းနေသည်။

ထိုအမှောင်ရိပ်ကိုခိုကာ လူသားကလေးတစ်ယောက် အလုပ်ရှုပ်နေသည်။

သူနဲ့ခပ်လှမ်းလှမ်းက အလင်းရောင်ကောင်းကောင်းရတဲ့နေရာမှာ ကလေးနှစ်ယောက်က စကားထာဂှက်တမ်းကစားနေကြသည်။ သူ့ရဲ့ပစ်မှတ်က ထိုကလေးနှစ်ယောက်ပင်။

“အသီးပေါ် အပင်ပေါက် ခြေထောက်တစ်ချောင်းထောက် ဘာလဲ”

“အဲလောက်လွယ်တာ မမေးစမ်းပါနဲ့ဟာ။ ငှငှ.. နာနတ်သီး ကဲ.. င့ါအလှည့်”

“ရေလယ်ကောင်သောင်ထွန်း နတ်သမီးနေတဲ့ကျွန်း”

“ဟွန်း... နင်ဖွတ်တာကလည်း တော်တော်ခက်တာကိုး”

ကျောက်ပြင်ဟဲ့ ကျောက်ပြင်

ကလေးနှစ်ယောက် အားတက်သရော အပြိုင်အဆိုင်

စကားပုံဂုက်နေကြသည်။

မှောင်ရိပ်ခိုသူရဲ့ ပြင်ဆင်မှုက ပြီးသွားပြီ။ မှောင်ရိပ်ထဲက ပြုန်းခနဲပြေးထွက်ကာ ကလေးနှစ် ယောက်ဆီပြေးသည်။

“ဟား ဟား ဟား”

“ခစ် ခစ် ခစ်”

“ဟီး ဟီး ဟီး”

ကလေးနှစ်ယောက်မှာ အသံမျိုးစုံနှင့် ရယ်နေကြ၏ ။

“နင်တို့ကို လာခြောက်တာမို့လား ဖိုးကြိုး”

“ဟုတ်တယ်လေ။ နင်တို့ကို သရဲမျက်နှာစွပ်ပြီး လာခြောက်တာ”

“အေး နင်မျက်နှာဖုံးကို နင်ပြန်ကြည့် သရဲမျက်နှာဖုံး မဟုတ်ဘူး။ ဟီး.. ဟီး.. Tweety ရုပ်ပြောင် လျှာထုတ်နေတဲ့ ရယ်စရာ မျက်နှာဖုံးကြီးဟ”

လာခြောက်တဲ့ကလေးက သူမျက်နှာဖုံးသူ ချွတ်ကြည့်ပြီး

“သေစမ်း.... ငါအမှောင်ထဲမှာ မှားစွပ်လာတာ ဟီး.. ဟီး”

“ဟိတ်ကောင်... ဖိုးကြိုးရာ လုပ်မနေနဲ့ မင်းကအမြဲဟာသပဲ”

“အေးကွာ။ ငါအတည်လုပ်လိုက်တိုင်း ဘာလို့ရယ်စရာတွေဖြစ်ဖြစ်သွားမှန်းမသိဘူးကွာ”

သူတို့သုံးယောက်က ဖိုးကြိုးခေါ် ကြိုးကြာမောင် ။

နိုးနိုးခေါ် ကျော့်မြတ်နိုးနှင့် ပိုးပိုးခေါ် ချစ်ပိုးချည်တို့ပဲ ဖြစ်ကြပါသည်။

ဖိုကြိုးနှင့်နိုးနိုးက ညီအစ်ကိုရင်းတွေဖြစ်ပြီး ပိုးပိုးကတော့ သူတို့အိမ်နီးချင်း သူငယ်ချင်းတွေဖြစ် ကြပါသည်။

ဖိုးကြိုးက သူငယ်တန်းမှာ တစ်ခါကျ၊ ပထမတန်းမှာတစ်ခါကျနှင့်နိုးနိုး၊ ပိုပိုတို့နှင့် အတန်းတူ သွားတော့သည်။ ဒါကို ဖိုးကြိုးက စကားကြီးစကားကျယ်ပြောသေးသည်။

"ငါက နင်တို့နဲ့အတူတူတက်ချင်လို့ ကျအောင်ဖြေတာ"

"တကယ်နော် မင်းညံ့လို့ မဟုတ်ဘူးနော်။ ငါတို့နဲ့ တူပြီးမှ မင်းကျရင်တော့ မင်းငါတို့ထက်အတန်းငယ် သွားမှာနော်"

"ဟား... ဟား.. လုံးဝမကျစေရဘူး။ စိတ်ချ"

"အေးပါ စောင့်ကြည့်မယ်"

ဖိုးကြိုးကို အများက သတ်မှတ်ထားတာကတော့ ပေါတောတောကောင်လေးရယ်လို့ပါ။

ဖိုးကြိုးလုပ်သမျှစာ တလွဲတွေချည်းဖြစ်ဖြစ်သွားပြီး ရယ်စရာဖြစ်နေတတ်သည်။ ဖိုးကြိုးခပ်တည်တည် နေရင်းတောင် သူ့မျက်နှာကိုမြင်သူတိုင်းက ရယ်ချင်နေကြသည်။ ဘဝပေးက အဲဒီ လို။

မနက်ကျောင်းသွားကာနီးတိုင်း ဖိုးကြိုးတို့အိမ်မှာ ပြဿနာတစ်ခုတက်သည်။ အဲဒါကတော့ မနက်ဆို အိပ်ရာကနိုးရခက်တဲ့ ဖိုးကြိုးဟာကျောင်းသွားချိန်ကို အချိန်မီဘယ်တော့မှ အဆင်သင့်မဖြစ်တတ် ခြင်းပင်။

တစ်ဖက်အိမ်က ပိုးပိုးတောင် ရောက်လာပြီး လာခေါ်နေပြီ။ ဖိုးကြိုးက

မပြီးသေး။ ထိုအခါမျိုးတွင် နိုး နိုး က အော်ပြီသာမှတ်။

“ဖိုးကြိုး… မင်းမပြီးရင် နေခဲ့တော့ကွာ။ မင်းအပျင်းကြီးပြီး အိပ်ရာထနောက်ကျတာနဲ့ ငါတို့က စောင့် နေရတာ ”

နိုးနိုးအသံထွက်လာတာနှင့် မိခင်ဖြစ်သူက …

“နိုးနိုး အစ်ကိုကို ဘယ်လိုခေါ်ပြန်ပြီလဲ။ အဲလိုခေါ်တာ မေမေမကြိုက်ဘူးလို့ ပြောထားတယ်နော်။ ကိုကိုလို့မခေါ်ရင် ကိုကြိုးကြာလို့ခေါ်။ ဘာ ဖိုးကြိုးလဲ နာမည်မဖျက်နဲ့”

“မေမေကလဲ သူတို့ လူတိုင်း ဒီလိုခေါ်နေတာပဲ”

“သူများတွေခေါ်လည်း ကိုယ့်မိသားစုက မခေါ်နဲ့။ မေမေအကြိုက်ဘူး။ ကြိုးကြာမောင်ဆိုတဲ့ ငါ့သား နာမည်လှလှလေးကို နှိမ့်ချဖျက်ဆီးပြီး ဖိုးကြိုးလို့ခေါ်ကြတာ”

ဖိုးကြိုးလို့ခေါ်တိုင်းကို မိခင်ဖြစ်သူက အမြင်ကတ်သည်။ သူ့သားလေးခများ ပေါတောတောလေးဖြစ် နေပြီး ။ မျက်နှာလေးပြောင်စပ်စပ်နှင့်မို့ ဟာသကောင်လေးဖြစ်နေရပါလျက် နာမည်ကိုပါ ဖျက်လို့ဖျက် ဆီး လိုက်ခေါ်နေကြသဖြင့် ကြိုက်ကိုမကြိုက်။ ဒါက မိခင်စိတ်ပါပဲ။

ကိုယ့်သားသမီး ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်မျက်လုံးထဲမှာတော့ ကိုယ့်သားသမီးသာ ချစ်စရာကောင်းဆုံး မို့လား ကိုယ့်သွေးကိုး။

ဖိုးကြိုးကတော့ ကလေးဆိုတော့ ဘယ်ရယ်မသိ။ နိုးနိုးနဲ့ပိုးပိုးကတော့ ဘယ်လိုပြောပြော ဖိုး ကြိုးပဲခေါ်ကြသည်။ နှုတ်ကျိုးနေပြီလေ။

နိုးနိုးကလည်း သူ့ထက်နှစ်နှစ်ကြီးသော အစ်ကိုဖြစ်သူကို တစ်စက်လေးမှမလေးစား။ သူက ပင် ပြန်ခိုင်းလိုက်ဟောက်လိုက်နှင့် ဆရာလုပ်သေးသည်။

ဖိုးကြိုးကလည်း လုပ်ပေးတာပဲ။ မိဘတွေမှာသာ သားနှစ်ယောက်ကိုကြည့်ပြီး နေရာလွဲနေသ လိုခံစားရကာ သူတို့ကတော့ အေးဆေးပင်။

ဒါပေမဲ့ ဖိုးကြိုးကိုထိရင်တော့ နိုးနိုးကမခံပါ။ ကျောင်းမှာ ဖိုးကြိုးကို တခြားကလေးတွေ ရန်လာ စရင် နိုးနိုးက ဝင်သမတတ်သဖြင့် မိဘတွေမှာ ခဏခဏလိုက်ရှင်းရသည်။

ဘာပဲဖြစ်ဖြစ် နိုးနိုး၊ ပိုးပိုးနှင့် ဖိုးကြိုးတို့သုံးယောက်ကတော့ ချစ်ချစ်ခင်ခင်ပင်။

ပိုးပိုးကိုတော့ သူတို့ညီအစ်ကိုနှစ်ယောက်စလုံး အလိုလိုက်ကြသည်။ ပိုးပိုးအတွက်ဆို နှစ်ယောက်လုံး ညှာကြသည်။

ပိုးပိုးက ကော်ပတ်ရုပ်ကလေးလို ချစ်စရာကောင်းသည့်ကလေးမလေးပါ။

နိုးနိုးကလည်း ဖြူဖြူသန့်သန့်ကလေးနဲ့ ရုပ်ရည်ကလေး သားနားကာ ချစ်စရာကောင်းသော ကလေးတစ်ယောက်ပါ။

ဖိုးကြိုးကတော့ သိတဲ့အတိုင်း နဂိုရုပ်ကလေးကိုက ပြောင်ချော်ချော်ရုပ်ကလေးလေ။

ထို့ကြောင့်လည်း ပိုးပိုးမိခင်က နိုးနိုးကိုသာ ချစ်တာ။ ဖိုးကြိုးကိုတော့ ကြည့်မရပါ။ ပိုးပိုးဖခင်က တော့ ကလေးတွေကို အကုန်သာတူညီမျှချစ်တက်သည်။

ပိုးပိုက တစ်ဦးတည်းသော သမီးလေးမို့ သူတို့ညီအစ်ကိုနှစ်ယောက်နဲ့ ပိုပိုချစ်ချစ်ခင်ခင်ရှိတာ ကို သဘောကျသလို နိုးနိုးတို့မိဘတွေကလည်း သမီးမရှိသဖြင့် ပိုးပိုးကို သမီးလေးလိုချစ်ကြသည်။

ထို့ကြောင့် ထိုအိမ်နီးချင်းနှစ်အိမ်က ချစ်ချစ်ခင်ခင်ပင်။

ထို့ပြင် ဖိုးကြိုးစည့်သလောက် နိုးနိုးနှင့် ပိုးပိုးက အမြဲစာသော်သည်။ အတန်းထဲမှာ ပထမဆု နှင့် ဒုတိယဆုကို တစ်လှည့်စီယူနေကြသူတွေပေါ့။

ဖိုးကြိုးက ထိုသို့မဟုတ်။ သူဖြစ်ချင်တာက ပညာတတ်မဟုတ်။ သူက ကိုရီးယားမင်းသားလုပ် မတဲ့။

ကိုရီးယားယဉ်ကျေးမှုဟာ ကလေးတွေရင်ထဲထိ ရောက်အောင် စိမ့်ဝင်ပျံ့နှံ့ကနေခဲ့သည်။

ရိုးရိုးမင်းသားတောင်မဟုတ်။ ဖိုးကြိုးတို့က ကိုရီးယားမင်းသားဖြစ်ချင်တာ။

မေးမိတဲ့ မိဘတွေမှာ ရယ်ရခက်၊ ငိုရခက်၊ ဖိုးကြိုးမိခင်ကတော့ ပေါတောတောဖြစ်နေသော သားကြီးကို သနားကာ အချစ်ပိုရသည်။

မိဘဆိုတာ သားသမီးစိတ်ကိုသိသည်။ ကိုယ်မွေးထုတ်ထားသည့်သားကိုး။

သားငယ်က သူ့အတွက်သူသိပြီး သားကြီးကတော့ ဘယ်သူ့အပေါ်မဆို စေတနာရှိကာ သဒ္ဒါ ပိုသူ။ စိတ်ဓာတ်ကောင်းတာမို့ သားကြီးကို အချစ်ပိုရခြင်းပါ။

သားကြီးနှင့်သားငယ်မှာ ပတ်ဝန်းကျင်က သားငယ်ကို ပိုပြီးချစ်ကြတာမို့ သားကြီးကို မိခင်က ပို တာလည်းပါပါမည်။

ကျောင်းမှာဆိုလည်း ဆရာမတွေကအစ ကြိုးကြာမောင်နဲ့ ကျော်မြတ်နိုးဆိုရင် ကျော်မြတ်နိုး ကို ပိုချစ်ကြသည်လေ။

ကလေးခများ ဘာအပြစ်မှ မရှိပါဘဲ ဘဝပေးမကောင်းလို့ မျက်နှာကလေး မကောင်းတာကို ဖြည့်မတွေးပေးကြ။

တချို့က မျက်နှာမြင်ချစ်ခင်ပါစေဆိုတဲ့ ဆုနဲ့ ပြည့်သလို တချို့ကြတော့လည်း မျက်နှာမြင် တာနဲ့ မုန်းစရာ အမြင်ကက်စရာ။

ရိုက်ချင်စရာဖြစ်နေတတ်သည်။ သားကြီးကတော့ မျက်နှာမြင် တာနဲ့ ရယ်ချင်စရာ အမြင်ကတ်စရာ ရုပ်ကလေးလေ။

အတိတ်ဘဝက အကျိုးပေးကြောင့် ဒီလိုရုပ်ကလေးဖြစ်နေပေမယ့် ဒါက အရေပြားတထောက် ပါလားလို့တော့ ဘယ်သူမှဖြည့်မတွေးပေးကြဘူးလေ။

ရုပ်ရည်ကလေးလားဆိုတော့လည်း မဟုတ်။ သားကြီးက ပေါတောတောလေးဖြစ်နေသေး တယ်လေ။ ဒါနဲ့ပဲ သားကြီးဟာ ဟာသကလေးဖြစ်ခဲ့၏ ။

ပိုးပိုးကို သူ့ဖခင်ဝယ်ပေးတဲ့ ဘိုမရုပ်ကလေးကို နိုးနိုးတို့ ညီအစ်ကိုကလည်း သဘောကျကြ သည်။

ဖိုးကြိုးကပိုသဘောကျသည်။

ပိုးပိုးတို့ အိမ်သွားတိုင်း ထိုဘိုမရုပ်က ခလုတ်ကလေးကို သွားနှိပ်ပြီး ဘိုမရုပ်ကလေးက မြင် တာကို ငေးတတ်သည်။

တစ်ရက် ဖိုးကြိုးနှိပ်လိုက်တာ ဘိုမရုပ်ကလေးက မကချင်သလို တုံ့နှေးတုံ့နှေးလုပ်ရင်း ရပ် သွားသည်။

ထပ်နှိပ်သော်လည်း မလှုပ်တော့။ ဘိုမရုပ်ကလေးမကတော့ ကလေးဆိုတော့ ဓာတ်ခဲကုန် တာကိုလည်း မသိ။ ပိုးပိုးက သူ့အရုပ်ကလေး မကတော့ ငိုသည်။

ပိုးပိုးငိုသံကြားတော့ပိုးပိုးအမေကရောက်လာသည်။

“ပိုးလေးဘာဖြစ်လို့လဲသမီး”

“ဖိုးကြိုးတီဖိုးကြိုးလုပ်တာ”

"ဘာ.. ဒီကောင် ပိုးလေး ဘာလုပ်လိုက်တာလဲ။ ဟမ် ဖိုးကြိုး"

ဖိုးကြိုးငိုမဲ့မဲ့မော့ကြည့်သည်။

"ဟဲ့... ငါ့ကို မခန့်လေးစားလုပ်နေတယ်။ ဟုတ်လား"

ဖိုးကြိုးရုပ်က မဲ့လေ ငိုချင်လာလေ ရယ်ချင်စရာကောင်းသော မျက်နှာလေးမျိုး ဖြစ်ဖြစ်လာတာ ကိုး။

"ကဲ... လာစမ်း ဖိုးကြိုး"

ဖိုးကြိုးကို ခေါင်းခေါက်၊ တင်ပါးကို တဖြန်းဖြန်းမြည်အောင်ရိုက်သည်။

ငိုပြီးမျက်ရည်တွေသာတောက်တောက်ကျ၏ တစ်ချက်မအော်ပါ။

"ဟာ..သူဇာသူများကလေးကိုဘာလို့ရိုက်နေတာလဲ

"ဒီမှာလေပိုးလေးကိုဘာလုပ်လိုက်လဲမသိဘူး"

"နေပါဦး သူဇာရာ။ မင်းက ကလေးတွေ ဘာဖြစ်မှန်းမသိဘဲ သူများကလေးကို ရိုက်ရလား။ သမီး ဘာ ဖြစ်လဲဖေဖေ့ကိုပြော"

"မီးမီးဘိုမရုပ်ကလေးမကတော့ဘူး"

"ဩော် ... ဒါလား"

ဖခင်ဖြစ်သူကဘိုမရုပ်ကလေးကိုစစ်ကြည့်ပြီး.....

"ဓာတ်ခဲကုန်တာ သမီးရဲ့။ ဖေဖေဓာတ်ခဲ ပြန်လဲပေးမယ်နော်"

ဓာတ်ခဲလဲပြီး အရုပ်ကလေး ပြန်ကတော့ ဖိုးကြိုးက သဘောတွေကျနေသည်။ ပိုးပိုးကလည်း ငို ဖို့မေ့သွားသည်။

"သူဇာ...မင်းနော်မင်း"

"သူဇာကတော့ အဲဒီ ကောင်လေးကို အမြင်ကိုကတ်တယ် ကိုကို"

*

ပညာသာမထူးချွန်တာ ဖိုးကြိုး ထူးချွန်တာတစ်ခုတော့ရှိသည်။

အဲဒါကတော့ ပုံဆွဲတာပင်။

ဖိုးကြိုးတို့နေရာက နယ်မြို့လေးမို့လား။ နယ်မှာက ပန်းချီနဲ့အလှမ်းဝေးပါသည်။

ဖိုးကြိုးတို့နယ်မြို့လေးက မြို့ကြီးတောင်မဟုတ်။ မြို့ကလေး။

ပန်းချီဆွဲခြင်းနဲ့ အလှမ်းဝေးသလို ပန်းချီဆရာလည်း မရှိ။ ယုတ်ဆွအဆုံး ခြံနံပါတ်ကိုတောင် သစ်သားပြားပေါ် မြေဖြူ၊ မီးသွေးခဲနဲ့ ရေးကြတာ။ဆိုက်ကားနံပါတ်ပြားရေးချင်ရင် ဟိုဘက်မြို့ကြီးကို သွားရေးရပြီ။ အဲဒီလောက် ပန်းချီနဲ့ အလှမ်းဝေးတာ။

ဖိုးကြိုးက ခဲတံနဲ့မီးသွေးခဲကို အသုံးပြုပြီး ပုံဆွဲတတ်သည်။ ကလေးဆွဲတဲ့ပုံမို့ အထင်မသေးနဲ့ နော်။ ဖိုးကြိုးဆွဲတဲ့ ပုံလေးတွေက တော်တော်သဘာဝကျသည်။

ဒီတော့ ဖိုးကြိုးဖခင်က ရုံးကိစ္စနဲ့ တိုင်းရုံးသွားရတော့ ဖိုးကြိုးအတွက် ရောင်စုံခဲတံဘူးလေး ဝယ် လာသည်။ ဖိုးကြိုး သဘောကျသည်။

ကုန်မှာဆိုးလို့ချွေချွေတာတာပဲဆွဲရသည်။

“ဖိုးကြိုး

"ဘာလဲမိပိုး"

"ငါပုံလေးဆွဲပေးမလား"

"အေး"

ထိုနေ့က ခြံထောင့်က ခရေပင်ကြီးအောက်မှာ သူတို့နှစ်ယောက် ပုံထိုင်ဆွဲလိုက်တာ ထမင်း စားချိန်တောင် မနည်းစားခိုင်းရသည်။

ညနေကျတော့ ဖျက်ရင်းပြင်ရင်းနဲ့ ဆွဲလို့ပြီးသွားသည်။

"ငါနဲ့လည်းမတူဘူး"

"တူပါတယ်ဟ။ နင်လိုပဲ ဆံပင်ဖောင်းဖောင်းလေး"

မတူဘူး။ မတူဘူး။ ဆွဲလည်းမဆွဲတတ်ဘူး။

ပိုးပိုး ထိုသို့ပြောသဖြင့် သူစိတ်မကောင်းဖြစ်ရသေးသည်။ တကယ်တော့ တော်တော်တူပါ သည်။ ကလေးလက်ရာလို့ တောင်မထင်ရပါ။ သို့သော် ပိုးပိုးက ကလေးဆိုတော့ မကြည့်တတ်။ သူ့ ပုံကို ခတ်ပုံလို့မျိုး ထွက်မလာသဖြင့် မတူဘူးဘဲ ဖွတ်မိုတ်တာပါ။

ဖိုးကြိုးကတော့ သူဆွဲထားသော ပိုးပိုးပုံလေးကို တယုတယသိမ်းထားကာ ကြည့်မဝ။

ပိုးပိုးကတော့ ထိုနေ့ကတည်းကစပြီး သူ့ကို ပုံမဆွဲခိုင်းတော့သလို သူဆွဲထားတဲ့ပုံတွေကို လည်း ဘယ်တော့မှ မကြည့်တော့။

အဲဒီ လိုနဲ့ပဲ သူတို့တွေ တစ်တန်းပြီးတစ်တန်း တတ်လာခဲ့ကြသည်။

ဖိုးကြိုး နင်ဘာလုပ်နေတာလဲ။

ခရေပန်းထကောက်တာဟ၊ ခရေပန်းတွေ အများကြီးပဲ ပွင့်နေတာ။

"ဟဲ့မနက်ဖြန် လပတ်စာမေးပွဲ ရှိတာကို နင်က ခရေပန်း ကောက်နေတယ်ဟုတ်လား။ အဲဒါ ကြောင့် နင်စာမေးပွဲဖြေတိုင်းအမှတ်မကောင်းတာ။ နင့်ခရေပန်းက စာမေးပွဲ လောက်အရေးမကြီး ဘူး လုပ်မနေနဲ့"

"နင်ကလည်းဟာ ခရေပန်းတွေ ဒီတိုင်းနွမ်းခြောက်သွားမှာ နှမြောလို့ပါ။ ပန်းတွေကောက်ပြီး ဘုရားတင်ရင်တင်၊ ပန်ရင်ပန်၊ အဲဒါက ပိုကောင်းလို့ပါ"

"ဟဲ့.. ပန်းဆိုတာ သူ့ကိုသုံးရင်လည်း နွမ်းမှာပဲ။ မသုံးဘဲလည်း နွမ်းမှာပဲ။ နုံမနေနဲ့ဟာ"

"မိပိုး ... နင်ဟာလေ၊ မိန်းကလေးဖြစ်ပြီး ကြမ်းတမ်းလိုက်တာ၊ နင် ပန်းမကြိုက်ဘူးလား"

"နုမနေနဲ့ ဖိုးကြိုးရေ၊ အခုငါတို့က ဆယ်တန်း၊ ခရေပန်းက အရေးမကြီးဘူး။ ဆယ်တန်းကပဲ အရေး ကြီးတယ်။ နင့်ပန်းထက် ဆယ်တန်းအောင်ဖို့ပဲ ငါပိုပြီး စိတ်ဝင်စားတယ်။ နင့်ကို ပြောရတာ နဲ့ စာ ကျက်ချိန်ကုန်တယ်။ သွား စာပြန်ကျက်၊ အဲဒီ ပန်းတွေမကောက်နဲ့တော့"

"ဟာ.. နေပါဦး၊ ဒီမှာ ပြီးကာနီးပါပြီဟ"

"တော်ပြီ၊ ဖိုးကြိုး၊ နင့်ကို မပြောတော့ဘူး။ နင်နဲ့နိုးနိုးက တော့ တခြားစီပဲ"

"သန်ရာသန်ရာပေ့ါဟာ နင်တို့လည်း နင်တို့လိုင်းငါလည်း ငါ့လိုင်းနဲ့ငါပေ့ါ"

"ဒီမှာ ဖိုးကြိုး၊ ဘာလိုင်းပဲဖြစ်ဖြစ် ဆယ်တန်းအောင်ဖို့ အရေးကြီးတယ်။

နင်အခုစာမကျက်ရင် ငါ နင့်အမေနဲ့လာတိုင်မှာ”

“ကဲ..ပြီးပြီးဟော့လျှောရှည်မရေ။ယူမလား”

“နင့်ပန်းတွေစိတ်ဝင်မစားဘူး”

“ပြီးရော ငါ့အမေပဲ ပေးလိုက်တော့မယ်။ အမေ့ဆံထုံးပေါ် ရောက်သွားရင် ခရေပန်းလေးတွေက ပိုမွှေး လာသလိုပဲဟ”

“ရှုးတိုင်းလည်း ကောင်းတာမဟုတ်ဘူး။ ဖိုးကြိုးရေ၊ ကဲ.. ကြွတော့”

ခရေပင်က ပိုးပိုးတို့ခြံထဲမှာရှိတာပါ။ သူတို့အိမ်ဘက်ပြန်ကူးလာတော့ နိုးနိုးရဲ့ စာအော်ကျက် သံကြီးကို နားကွဲမတတ်ကြားရသည်။

ဆရာဝန်ဖြစ်ချင်သော နိုးနိုးကတော့ စာအုပ်နဲ့ မျက်နှာခွာသည်မရှိ။ တစ်နေ့တစ်နေ့ အိမ်မှာနိုး နိုးရဲ့ စာကျက်သံက မကြားရရင်တောင် တစ်ခုခုလုပ်နေသလိုလို။

အမေ့ကို ခရေပန်းတွေပေးပြီး နှစ်ပွင့်ချန်ထားလိုက်သည်။

ပြီးတော့ စားပွဲပေါ်မှာ မနေ့ကဝယ်လာသော ပိတ်စအနက်ရောင်နှင့် အဖြူရောင်ကိုတစ်ဝက်စီ ရအောင်ခွဲပြီးခင်းသည်။

ပြီးတော့ ပိတ်စအဖြူရောင် ခရေပန်းတစ်ပွင့်အနက်ရောင်ပေါ် ခရေပန်းတစ်ပွင့်တင်သည်။ အဲဒါ ကိုရှုးထောင့်အမျိုးမျိုးက ထိုင်ကြည့်နေသည်။

အဖြူအနက် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေတဲ့ ကာလာပေါ်မှာ အရောင်တူ အရွယ်တူ ခရေ ပန်းတစ်ပွင့်စီ ရှိနေတဲ့ရသ။

ကိုယ့်ဘာသာ သဘောကျပြီး ခံစားနေတုန်း နိုးနိုးက

အဝတ်စတွေဆွဲဖယ်ပြီးခုံကို လာဆွဲ ယူသည်။

"ဟာ မင်းဘာလုပ်တာလဲ"

"ဒါ ငါပုံဆွဲတဲ့ခုံလေ။ Bio ပုံတွေ အဆွဲကျင့်မလို့ အရူးရဲ့"

"ကျွတ် .. မင်းကွာ။ မပြောမဆိုနဲ့။ ဒီမှာ Feeling တောင် အောက်သွားပြီ"

"ဟိတ်ကောင်.. အပိုတွေ ပြောမနေနဲ့ မင်းစာကျက်၊ မကျက်ရင် ငါ မင်းကို အဖေနဲ့တိုင်မယ်။ အဖေကပြောထားတယ်နော်။ မင်းပုံဆွဲတဲ့ ကိစ္စတွေ ဆယ်တန်းအောင်မှ စဉ်းစားလို့ ငါကတိုင်မှာပဲ"

နိုးနိုးကို မျက်စောင်းပစ်ထိုးကာ စာကျက်ဖို့ ကောက်ကိုင်လိုက်မိတာက ပုံဆွဲနည်းစာအုပ်တဲ့။ နိုးနိုး မသိအောင် အသာလေးပြန်ချရင်း မြန်မာဖတ်စာအုပ်ကို နာရီဝက်လောက် ရှာလိုက်တယ်။ စာ မကျက်ချင်လို့လေ။

ကံကောင်းချင်တာလားမသိ။ သူတို့မြို့ကိုပြောင်းလာတဲ့ အရာရှိတစ်ယောက်က ပန်းချီကောင်း ကောင်းဆွဲတက်သည်။

ဖေဖေတို့ရုံးပြောင်းလာတာမို့ ဖေဖေအထက်အရာရှိပေါ့။

ထိုအရာရှိနေဖို့ အိမ်ကို ဝိုင်းရှင်းပေးရင်း ဖေဖေက ပန်းချီကားတွေတွေ့ပြီးသားဖြစ်သူ့ဝါသနာပါ ကြောင်းပြောပြလိုက်တော့ ထိုအရာရှိက မာနကင်းစွာပဲ ဆယ်တန်းဖြေပြီးရင် ပန်းချီဆွဲသင်ပေးမယ်တဲ့ လေ။

ဖိုးကြိုးမှာ အဲဒီ သတင်းကြားရတော့ထိပေါက်လိုက်သလိုကို ပျော်ရသည်။

ထို့ကြောင့် ဖိုးကြိုးတို့ စာမေးပွဲကြီးနီးလာတော့ ပြဿနာတစ်ခုပေါ်သည်။

ပိုးပိုးကိုပြောင်းလာသော အရာရှိရဲ့သားက ဆွဲလားရမ်းလား လာလုပ်သည်လေ။

ဖအေအရှိန်နဲ့ မြို့ကို ရောက်ကတည်းက ထောင့်မကျိုးသဖြင့် အမြင်ကတ်နေသောနိုးနိုးက ထိုသကောင်းသားကို ထိုးလွှတ်လိုက်သည်။

အရာရှိကတော်က ရောက်လာပြီး နိုးနိုးကို ပြောလိုက်တာ။

သို့သော်အရာရှိကြီးက သူ့မိန်းမကို လိုက်ခေါ်သွားသည်။ အရာရှိကြီးအေးသလောက် သဘော ကောင်းသလောက် သူ့မိန်းမနဲ့ သူ့သားကတော့တော်တော်ဆိုးသည်။

သူ့သားကိုထိရင် မိခင်ဖြစ်သူက အကဲဆတ်သဖြင့် အရာရှိကြီးလည်း သူ့သားကို ပြောမနိုင်။

ဒီလိုနဲ့ ဖိုးကြိုးက သူပန်ချီမသင်ရတော့မှာ ကြောက်နေသည်။

ရုံးကိစ္စတစ်ခုနဲ့ တိုင်းရုံးသွားရင်း အဖေနဲ့ အရာရှိကြီးတို့ ကားမှောက်ကာ နေရာတွင် ပွဲချင်းပြီး သတဲ့။

သူတို့ကမ္ဘာအခုမှ ပြိုတာ။

အဖေ့ဝင်ငွေလေးရယ် အမေဈေးထဲမှာ နေ့ပြန်တိုးပေးတာလေးနဲ့ စားနေရတဲ့ သူတို့မိသားစုအ တွက်ရွှေတောင်ပြိုတာပင်။

နိုးနိုးလည်း ငိုင်နေသည်။

“ဖေဖေသား ဆေးကျောင်းတက်ဖို့ ဘယ်လိုလုပ်မလဲ”

“သား သားသား အမှတ်မီပစေ အမေ မရရအောင် ထားပေးမယ် သားကြီးရယ် သားငယ်ပါ ဘာမှအားမငယ်နဲ့ အမေတစ်ယောက်လုံးရှိတယ်”

အမေနဲ့နိုးနိုးကိုကြည့်ပြီး ဖိုးကြိုးစိတ်မကောင်း။ အဖေမရှိတော့

သားကြီးဆိုသည့် အသိက သူ့ ဆီမှာ ဝင်လာသည်။

မေမေဆိုတာက မိန်းမသား၊ ညီလေးက သူ့ထက်အငယ်။ ငဲ့ရမယ်။ ညာရမည်။ သူ့မားမားမတ် မတ် ရပ်ပေးမည်ဟု အတွေးဝင်လာသည်။

မေမေနဲ့ နိုးနိုးဘာမှမပူနဲ့ သားတစ်ယောက်လုံးရှိတယ်။ ဒီအိမ်မှာ သားကသားကြီး သားမား မားမတ်မတ်ရပ်ပေးမယ်။

ပြောသားပြောရတာ သူဘာလုပ်ပေးရမှန်းတော့မသိ။ မေမေနဲ့နိုးနိုးက သူ့ကိုကြည့်ပြီး ကြောင် သွားသည်။ ခဏနေမှ အမေက အရင်သတိဝင်လာပြီး သူ့ကိုဖက်ကာ မျက်ရည်လည်သည်။

သားကြီးရယ်။

နိုးနိုးကတော့ အထင်မကြီးသော မျက်နှာပေနဲ့ သက်ပြင်းချပြီး။

မင်း မားမားမတ်မတ်မရပ်ခင် ဆယ်တန်းမကျအောင် အရင်စာကျက်ဦး၊ ခုချိန်မှာ မေမေ့အ တွက် ကျောင်းစရိတ်တစ်နှစ်စာ ထပ်အကုန်ခံနိုင်မှာမဟုတ်ဘူး။

အေးပါကွာ။

နိုးနိုးပြန်ပြောတော့လည်း မျက်နှာငယ်လေးနဲ့ ခေါင်းညိတ်ပြန်သည်။

“သားကြီးက အဲလိုပြောတာ မသူဇာရဲ့။ ဘာပဲဖြစ်ဖြစ် သားကြီးစိတ်ထဲ ဒီလိုရှိပါလားလို့ သိလိုက်ရတော့ ကျွန်မလေ မျက်ရည်တောင်လည်တယ် သိလား”

“အေးလေ၊ ကလေးတွေ လိမ္မာရင်တော့ တော်သေးတာပေ့ါ၊ မွေးထားတာက သားတွေ၊ဖအေ မရှိရင် ထိန်းဖို့မလွယ် မဟုတ်ဘူး။ သူတို့လိမ္မာပါစေလို့ ဆုတောင်းတော့ ဆွေရေ နိုးနိုးကတော့ လိမ္မာ ပါတယ်။ တစ်နေ့တစ်နေ့ စာပဲကျက်နေတာ”

“ဟုတ်တယ်၊ သားငယ်က ဆရာဝန်ဖြစ်ချင်တာ၊ သူ့ဝါသနာနဲ့သူလေ၊ သူဆေးကျောင်းဆက် တက်နိုင်ငံ့မလားဆိုပြီး အားငယ်နေသေးလို့ စိတ်မပျက်ဖို့

ပြောရသေးတယ်၊ ပြောသာပြောရတာ မသူဇာ၊ ဆေးကျောင်းစရိတ်က ပေါ့တာမဟုတ်ဘူး။ ကျွန်မထားပေးနိုင်ပါ့မလားတောင် မသိဘူး”

“ဟယ် အဲဒီအတွက်မပူနဲ့သိလား။ ရန်ကုန်မှာ ဆေးကျောင်းမတက်နိုင်တဲ့ကလေးတွေကို ထောက်ပံ့ပြီး ကျောင်းထားပေးတဲ့ ဖောင်ဒေးရှင်းရှိတယ်”

“ဟုတ်လား”

“ဟုတ်တယ်။ နိုးနိုးကိုပြော အဲလိုရှိတယ်။ စာပဲကြိုးစားလုပ်လို့”

“ကျေးဇူးပဲ မသူဇာရယ်။ ဒါဆို ကျွန်မအားရှိသွားပြီ။”

သူတို့ဆယ်တန်းစာမေးပွဲကြီးကို အလွယ်တကူ ဖြတ်ကျော်နိုင်ခဲ့ကြသည်။

နိုးနိုးကလည်း အားပါတရဖြေနိုင်သလို ဖိုးကြိုးလည်းအောင်မှတ်ရအောင် ဖြေနိုင်ခဲ့သည်။

ပိုးပိုးလည်း ဖြေနိုင်ပါသည်။

စာမေးပွဲပြီးတော့ သူတို့မြို့ရဲ ဆုတောင်းပြည့်ဘုရားကုန်းကိုစက်ဘီးနှင့် သွားဖြစ်ကြသည်။

ဘုရားရှိခိုးပြီးတော့ ဆယ်တန်းကလေ့ကားထစ်တွေမှာ ထိုင်ဖြစ်ကြသည်။

“ငါ အမှတ်ကောင်းပါစေဟာ ဆေးတက္ကသိုလ်တက်ရမှဖြစ်မယ်”

“ဟဲ့ နင်မတက်ရမှာမပူနဲ့ နိုးနိုး ရန်ကုန်မှာ

ကျောင်းစရိတ်ထောက်ပံ့နေတဲ့ အဖွဲ့တွေ၊ ဖောင်ဒေးရှင်း တွေရှိတယ်တဲ့”

“အေး မေမေလည်းပြောတယ်ဟ”

“မင်း စိတ်မပူနဲ့ နိုးနိုး၊ ငါမင်းကျောင်းစရိတ်အတွက် ဝိုင်းရှာပေးမှာပါ။ ငါအလုပ်လုပ်မှာ”

ဖိုးကြိုးက အားတက်သရောဝင်ပြောသည်။

အောင်မယ် နင်ကဘာလုပ်မှာလဲ ကြီးကြီးကျယ်ကျယ်

ရရာပေ့ါဟ၊ ပိုက်ဆံရပြီး ကောင်းရောင်းကောင်းဝယ်ဆိုရင် ဘာမဆို လုပ်မှာပေ့ါ

ဖိုးကြိုးရဲ့ စိတ်ကောင်းရှိမှုလေးကို လေးစားရ၏ ။

နိုးနိုးကတော့ ဖိုးကြိုးစကားကို စိတ်မဝင်စားပါ။ ဖိုးကြိုး ဆောင်းတန်းမှ ဆင်းကာ စေတီပရဂုဏ် အတွင်းရှိ ခရေပင်အောက်ရောက်သွားသည်။

ကောက်မည့်သူမဲ့သဖြင့် ကြွေရာမှ နွမ်းသွားသော ခရေပွင့်လေးတွေကို လိုက်ကောက်ပြီး အပင် ခြေရင်းမှ စုပုံနေသည်။

ဖိုးကြိုးက ယောကျ်ားလေးဖြစ်ပြီး ခရေပန်းတော်တော်ကြိုက်တယ်နော်။

အလကားပါဟာ ကြမ်းတမ်းတဲ့ဘဝမှာ လူလာဖြစ်ပြီး ကဗျာဆန်ချင်နေတာပါ။ ဟားဟား ရုပ် ရှင်တွေထဲက မင်းသားအိုက်တင်မျိုးလည်း မကြာခဏတွေ့ရတယ်မို့လား၊ ခုနပဲ ဇာတ်ဝင်ခန်းထဲက စာသားတွေ ရွတ်သွားသေးတယ်လေ။

နိုးနိုးရယ်... သူတကယ်စေတနာနဲ့ပြောတာပါဟဲ့

တော်ပါဟာ သူကဘာအဖြစ်ရှိလို့ နင်အထင်ကြီးနေတာလဲ။ ဒီမှာပိုးပိုး ပါးစပ်နဲ့လူတိုင်းစေတနာ ရှိတက်ကြတယ်ဟ၊ နင် သူ့အကြောင်း မသိတာလည်း

မဟုတ်ဘူး။

ပိုးပိုးကတော့ ဖိုးကြိုးကိုသနားသည်။ ညီအစ်ကိုနှစ်ယောက်မှာ နိုးနိုးက ပြတ်သားသလောက်ဖိုး ကြိုးက ခံစားချက်နုသည်။]

နိုးနိုးက သူ့ဖို့သာသိသူဖြစ်ပြီးဖိုးကြိုးကတော့ သူတစ်ပါးကို အလွန်ငဲ့ညှာတက်သည်။ အစွန်းတစ်ဖက်ဆီမှာရတည်နေကြသောညီအစ်ကိုတွေပါ။

ပိုးပိုးကတော့ ဖိုးကြိုးကို ပိုပြီးခင်မိသော်လည်း တစ်ခါတလေဖိုးကြိုးရဲ့ ရပ်တည်မှုကိုတော့ အား မရ။

ပိုးပိုးက လက်တွေ့ဆန်သည်။ ဖိုးကြိုးက အနုပညာဆန်သည်။

သူတို့နှစ်ယောက်မှာ ကွဲပြားမှုတွေရှိနေသည်။

နိုးနိုးကျတော့ လက်တွေ့ဆန်သည်။ ဒါပေမဲ့ နိုးနိုးက အတ္တကြီးသည်။ နိုးနိုးစိတ်ဓာတ်ကို မကြိုက်ပါ။

ပိုး

နိုးနိုးရော ဖိုးကြိုးပါ တစ်ခါတစ်လေ သူမကို ပိုး မိပိုးစသဖြင့် ခေါ်တက်သေးသည်။

ဘာလဲနိုးနိုး

ငါ နင့်ကိုချစ်တယ်။

ဘုရားရေ။ ဆိုင်းမဆင့်ပုံမဆင့် ကြီးပါလား သို့သော်.....

အေး ချစ်လေ။ ငါရော နင့်ရော ဖိုးကြိုးရော တစ်ယောက်နဲ့တစ်ယောက် ချစ်ကြတာပဲ ဖွင့်ပြောစရာတောင်မလိုပါဘူးဟဲ့။

အဲလိုမဟုတ်ဘူး မိပိုးရဲ့၊ ငါက နင့်ကို ဟိုလိုချစ်တာ

ဘယ်လိုတုံး

လူပျိုလိုချစ်တာ။

*

ပိုးပိုး စိတ်ဆိုးနေမိသည်။

ဆုတောင်းပြည့်ဘုရားကို သွားပြီးနောက်နေ့ကတည်းက ပိုးပိုးသင်နှင့်မတွေ့ဖြစ်အောင်ရှောင် သည်။

သူငယ်ချင်းချင်းချင်း ဒီလိုစည်းဖောက်လိမ့်မယ်လို့ လုံးဝမထင်ပါ။

ဖြူစင်မှုတွေကို ညစ်နွမ်းအောင် လုပ်သည်ဟုပဲ ထင်မြင်မိသည်။

နိုးနိုးကို အတွေမခံပေမယ့် ဖိုးကြိုးနဲ့တော့ တွေ့ဖြစ်သည်။

ဖိုးကြိုးကလည်းနိုးနိုးရှေ့နေပဲ။

"မိပိုးရာ နင့်ကို ဒီကောင်တကယ်ချစ်တာပါဟ၊ စိတ်ကူးမလွဲနဲ့နော် ၊ နင်ဆရာဝန်ကတော်ဖြစ် မှာ"

"မဖြစ်ချင်ပါဘူး။ နင့်ညီအတ္တကောင်၊ သူ့စိတ်ဓာတ်ကို ငါမကြိုက်ဘူးဟဲ့"

"နင်ကလည်းဟာ၊ သူကအတ္တကြီးတာတော့မှန်ပါတယ်။ ဒါပေမဲ့ သူ့အတ္တကြီးတာက သူ့အတွက် တော့ ကောင်းပါတယ်။ နင့်သူကိုယူပြီးရင်လည်း သူကနင့်အတွက်ပါ အတ္တကြီးပေး မှာပဲ"

"ဖိုးကြိုးရယ်"

အရာရာအကောင်းမြင်ပေးနိုင်သော ဖိုးကြိုးကို အဲဒါတွေကြောင့်ပဲ သူမသဘောကျတာလေ။ ဘယ်သူ့အပေါ်မဆို ဖြူစင်နိုင်သော ဖိုးကြိုး။

ရုပ်ရည်ကလေးချို့တဲ့ရှာသော်လည်း ဖိုးကြိုးမျက်နှာပေါ်မှာ ဖြူစင်မှုတွေက အထင်သားပါပဲ။ ဘဂပေးကုသိုလ်ကြောင့် သား မျက်နှာလေးက အများမြင် ရယ်ချင်ပါစေဆိုတဲ့ ဆုနဲ့ပြည့် နေရသော် လည်း ထိုမျက်နှာလေးပေါ်မှာ စေတနာတွေ လျှံနေတက်သော ဖိုးကြိုးပါ။

"နင် နိုးနိုးကို လက်ခံလိုက်ပါဟာ၊ အဲဒါဆို နင်လည်း ငါ့ညီမလေးဖြစ်သွားရော၊ ငါတို့သုံး ယောက် မခွဲကြေးဖြစ်သွားတာပေ့ါ"

"ဟုတ်တယ်။ နင်က မိန်းမမယူတော့ဘူးကို"

"မယူဘူး၊ နင်နဲ့နိုးနိုးသာယူဖြစ်ရင် ငါမိန်းမယူဘူး၊ တကယ်ကတိပေးတယ်"

"အရူး ငါတို့ယူယူမယူယူ နင်နဲ့ ဘာဆိုင်လို့လဲဟဲ့။ နင်က ကြားဝင်ပြီး ကတိပေးနေရအောင်"

"ငါက ငါတို့သုံးယောက်ထဲကို သူစိမ်းမဝင်စေချင်တာ။ ငါမိန်းမယူလိုက်လို့ ငါတို့သုံးယောက်ရဲ့ ခင်မင်မှုကို အဲဒီ မိန်းမက နာမလည်ပေးမှာစိုးတာဟ၊ အဲဒါကြောင့် နင်တို့ကိုလည်း သူစိမ်းနဲ့ မယူစေ ချင်ဘူး။ နင်တို့နှစ်ယောက်ယူလိုက်ကြ။ ငါက မိန်းမ မယူဘူး။ ငါတို့သုံးယောက်တစ်သက်လုံး မခွဲတဲ့ အတူနေကြမှာပေါ့ဟ"

"ဖိုးကြိုးရယ်"

ဆုတောင်းပြည့်စေတီကို သွားတုန်းက နိုးနိုးက ကပ်တိုးလေးမှာထားသည်။

သူမိပိုးကို ပြောစရာရှိလို့ ရှောင်ပေးပါတဲ့။ အဲဒါကြောင့်

ခရေပန်းကောက်ချင်ယောင်ဆောင်ပြီး ရှောင်ပေးလိုက်တာ။

လက်စသတ်တော့ ဒီကောင် မိပိုးကို ချစ်ရေးဆိုသွားတာပဲ။ ဒီကောင် မိပိုးကို ဘယ်အချိန်က စပြီး ကြိုက်သွားပါလိမ့်။

သူ့မှာတော့ နမကလေး ငယ်ပါသေးလို့ တွေးပြီးအလှကြည့်နေတာ။

သူ့ထက် နှစ်နှစ်ငယ်တဲ့နိုးနိုးကတော့ လုပ်ချလိုက်ပြီ။

ဒီလိုပါပဲ။ သူ့ရဲ့ဆင်ခြင်တုံတရားတွေဟာ သူ့ကိုအမြဲနောက်ပြန်ဆွဲတယ်။ တွေဝေခြင်းဆိုတာ သူနဲ့အတူတွဲပါနေကျ။

ခုလည်း သူချစ်တဲ့ မိပိုးကို နိုးနိုးက ဦးသွားပြန်ပြီ။ ကောင်းပါတယ်။

မိပိုးကလည်း သူ့ထက်စာရင် နိုးနိုးကိုပဲ သဘောကျမှာပါ

မိပိုးက သူ့ကို စိတ်တိုင်းကျတယ်လို့မှ မရှိတာ။

နိုးနိုးလိုတော်တဲ့သူကပဲ မိပိုးနဲ့ ထိုက်တန်ပါတယ်။ ဘာပဲဖြစ်ဖြစ် မိပိုးဟာ နိုးနိုးနဲ့ ပတ်သက်ရင် သူ့ညီမလေးဖြစ်လာမှာပဲလေ။

ဖိုးကြိုးကွက်သစ်ဘက်က သူငယ်ချင်းရဲ့ ကောင်းမှုနဲ့ သူငယ်ချင်းရဲ့အိမ်မှာ ကားစပယ်ယာ လိုက်လုပ်သည်။ ယာဉ်နောက်လိုက်ပေါ့လေ။

လူစီးကား ယာဉ်နောက်လိုက်တော့ မဟုတ်ဘူး။ သူငယ်ချင်းအိမ်က ပွဲရုံဆိုတော့ ဆန်အိတ် တို့ ပဲအိတ်တို့တင်တဲ့ကား၊ ရှင်းရှင်းပြောရရင်တော့

ကုန်တင်ကားပေါ့။

ကုန်တင်ကားရဲ့ ယာဉ်နောက်လိုက်ဆိုတာ ကုန်အတင်အချလုပ်သားနဲ့ ဘာခြားလို့လဲနော်။

ပင်ပန်းလိုက်တာ။ တစ်ကိုယ်လုံးကိုင်ရိုက်ထားသလိုကို နာကျင်တာ။

ဒါပေမဲ့ တစ်ချက်မှ မညည်းပါ။

ညနေစောင်းလို့ နေ့တွက်ခရှင်းရင် ရတဲ့ပိုက်ဆံလေး ကျစ်ကျစ်ပါအောင်ဆုပ်ပြီးကိုင်။

အိမ်အမြန်ပြန်ပြီး အမေ့လက်ထဲကို ပိုက်ဆံထည့်ပေးရတာ အရသာကိုရှိနော့ပဲ။

ယူရတဲ့အမေကတော့ အရသာရှိပုံမရဘူး။

မျက်ရည်ဝဲပြီးဆက်မလုပ်ဖို့ ညနေတိုင်းပြောတယ်။ မသွားဖို့ မနက်တိုင်းတားတယ်။

ဒါပေမဲ့ သူကတော့ အမြဲပဲ။ လုပ်ပါများတော့ ကျင့်သားတောင်ရလာပြီ။

မကြာပါ။ သူ့ရဲရိုးသားဖော်ရွေမှုကို သဘောကျတဲ့ သူငယ်ချင်းအဖေက သူ့ကို ပွဲရုံသုံးတဲ့ကား မှာ မခိုင်းတော့ဘဲ သူတို့မြို့လေးနဲ့ ရန်ကုန်ပြေးဆွဲတဲ့ ခရီးသည်တင် မှန်လုံယာဉ်ကြီးမှာ လိုက်ခိုင်း တော့တာပါပဲ။

မနက်လေးနာရီ သူတို့မြို့လေးက စထွက်ရင် ရန်ကုန်ကို ဆယ်နာရီမထိုးခင်ရောက်ပြီ။

ပြီးရင် ညနေသုံးနာရီ ပြန်ထွက်တယ်။ မြို့ကို ညကိုးနာရီဆိုရင် ပြန်ရောက်ပြီ။

နေ့တိုင်း ရန်ကုန်တက်ရတယ်။ တစ်ခါတလေ အဝေးပြေးဂိတ်တင်နေတဲ့အခါလည်းနေ၊ ဂိတ်က လူတွေ အဆွယ်ကောင်းရင် ရန်ကုန်မြို့ထဲ တစ်ခေါက်တကျင်း ရောက်ရသေးတယ်။

ဖိုးကြိုးကတော့ ပျော်နေတာပါပဲ။ ရန်ကုန်ဆိုတာ မွေးကတည်းက ရောက်ဖူးတာမှမဟုတ် တာလေ။

ပြီးတော့ ပွဲရုံကားလိုလည်း ဆန်အိတ်၊ ပဲအိတ်ထမ်းရတာ မဟုတ်။

ပိုက်ဆံလည်းပိုရတယ်။

ဒါပေမဲ့ ဒရိုင်ဘာကတော့ ဖိုးကြိုးကို မကြည့်ဘူး မထိတထိ အမြဲပြောတယ်။

"ဖိုးကြိုး… မင်းပိုက်ဆံမဘက်နဲ့နော်"

"စိတ်ချ ကိုကြီးစိုး၊ မဟုတ်တာတော့ လုပ်မစားဘူး"

"အေးပါကွာ စကားပုံအတိုင်းတော့ လာမှာပေါ့။ စပယ်ယာလူရိုးနှစ်ရာခိုးတဲ့။ ရိုးပါတယ်ဆိုတဲ့ စပယ်ယာတောင် နှစ်ရာတော့ ခိုးသေးတယ်ကွ၊ မင်းရိုးသားပါစေကွာ"

"မပူပါနဲ့ ကိုကြီးစိုးရာ၊ စိတ်ချ ကျွန်တော် တစ်ပြားမှမတိုးဘူး"

အေးကွာ၊ မင်းပြောသမျှပေါ့။

ကားဆွဲလို့ရသမျှငွေကို စပယ်ယာနှင့် ဒရိုင်ဘာက နှစ်ဆယ်တစ်ဆယ် အချိုးကျရတာ ပါ။

ငွေတစ်ရာဆိုလျှင် သူကနှစ်ဆယ်။

ယာဉ်နောက်လိုက်က တစ်ဆယ်။

တစ်ထောင်ဆိုရင် မောင်းသူနှစ်ရာ။ နောက်လိုက်တစ်ရာ။

သူတို့ကားက အသွားအပြန် တစ်ခေါက်တက်ပြီးရင် တစ်သိန်းတော့ အသာကလေးကျန်သည်။

ထို့ကြောင့် သူ့အတွက် နေ့စဉ်တစ်သောင်းဝန်းကျင်တွက်ချေကိုက်ပြီးသား

ထိုတွက်ချေကိုက်တာကို ကျော်ပြီး ဘာမှမလုပ်။

ပိုင်ရှင်ကလည်း သဘောကျနေသည်။ အရင်ယာဉ်နောက်လိုက်တွေတုန်းက သူလောက်မကျန် လို့တဲ။

ပိုင်ရှင်က ကျေနပ်သလောက် ကိုကြီးစိုးကတော့ မကျေနပ်။

တစ်ခါတစ်လေ ရတဲ့ပိုက်ဆံကို အုံနာကို အပြည့်မအပ်ဘဲ တစ်ယောက်တစ်ဝက်ဘက်ဖို့ အဖော်စပ်တက်သေးသည် သူက လက်မခံလို့။

သူကမှန်ကန်လေ အုံနာက သဘောကျလေ။ ကိုကြီးစိုးက အမြင်ကတ်လေပါပဲ။

"ဟ… ကောင်လေးရ၊ မင်းက တစ်ကိုယ်ရေတစ်ကာယဟ၊ ငါ့မှာက မိသားစု စားဝတ်နေရေးရှိ သေးတယ်။ ကလေးကျူရှင်ခနဲ့ မင်းလို ဘုရားဒကာ စပယ်ယာမျိုးနဲ့ လုပ်စားရရင်တော့ ထမင်းအိုးကွဲ မယ့်ကိန်းပဲ"

"ကိုကြီးစိုးရာ ရိုးသားမှုဆိုတဲ့ကံက ပြန်အကျိုးပေးမှာပါဗျာ။ ကျွန်တော်တို့ ရိုးသားလို့ သူများ ကားတွေထက် ခရီးသည်ပိုရတယ်။ ဒီကြားထဲ များများရှာနိုင်ရင် ဦးလေးက ပုဆိုးတို့အကျႌတို့ ဘောက်ဆူးပေးသေးတာပဲ။ အဓိက စေတနာဗျ။ စေတနာထားတဲ့သူရဲ့ ထမင်းအိုးက ဘယ်တော့ မှ မကွဲဘူး စိတ်ချ"

ဒီကောင်နဲ့တော့ ခက်ပြီ အုံနာသားလိုက်တုန်းကတောင် ဒီလောက်မဆိုးဘူး။ သူကပိုဆိုး နေ တယ်။

တခြားဂိတ်တွေက ယာဉ်နောက်လိုက်တွေကတော့ သာယာသလားမမေးနဲ့။ သုံးလိုက်ဖြုန်း လိုက်နဲ့ပဲ။ ရရစားစား ဝါးဝါးမြိုမြိုကုန်နေကြသည်။

ရိုးသားမှုနဲ့ရှာထားတဲ့ငွေက ဘယ်တော့မှ သခင်ကို မပစ်တက်ဘူး။

ဂိတ်မှူးကဆို စမှစ။

ဘယ်လိုလဲ ဖိုးကြိုးရာ၊ ဟိုစကားပုံအတိုင်းဖြစ်ပြီလား

ဘာလဲဗျာ။ ဘာစကားပုံလဲ။လုပ်ပါဦး။ ဟိုစကားထဲကလိုလား နှစ်ရာခိုးပဲလား

အဲဒီ ထက်မြင့်တာပေ့ါကွ၊ အုံနာဖိုက်မှောက် ဒရိုင်ဘာဂျိုက်းထောက်၊ စပယ်ယာတိုက်ဆောက် လေကွာ၊ နောက်ဆုံးဒရိုင်လာတွေလည်း ဒုံးရင်းဒုံးရင်း အုံနာလည်း မလိုက်နိုင်လို့ကတော့ ကားဝင်ရိုး ပဲကျန်မယ်။ မင်းတို့စပယ်ယာတွေကတော့ တိုက်တွေဘာတွေဆောက်နိုင်သွားရော။

ဘာများလဲလို့ဗျာ။ ဒီမှာကျွန်တော်က အဲလိုလူမျိုးမဟုတ်ဘူးဗျ။ အဲဒီ တိုက်တာတွေထက်ပိုပြီး ရိုးသားမှုဆိုတဲ့ ဂုဏ်နဲ့ ၊ ချွေးနဲ့ရင်းတဲ့ ပိုက်ဆံကသာ တန်ဖိုးအရှိဆုံးပါဗျာ

မပြောနဲ့တော့ ဂိတ်မှူး။ ဒီကောင့်ကိုတော့ ဆလံပြုထားတာ၊ ရွှေတံဆိပ်ဆုပေးရမယ့် စပယ် ယာမျိုး။

ဟေ...ငစိုး ဒါဆို မင်ရထားတဲ့ယာဉ်နောက်လိုက်က ရှားပါပစ္စည်းပေ့ါ။

တော်ပါဗျာ ဒီကောင့်ကို စိတ်ကုန်လွန်းလို့

ဟား... ဟား.. ဟား

*